# ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင်''အဆိုပါအက်ဥပဒေ''ဟုရည်ညွှန်းသည့်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင် '' ကရင်နီ '' ဆိုသည့်စကားရပ်အစား၊ '' ကယား '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆ တွင်—

(က) အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

'' (၂) ဝန်ကြီးသည်၊ ပုဒ်မ ၄ (၂)၊ ပုဒ်မ ၅၊ ပုဒ်မ ၉ (၂) နှင့် ပုဒ်မ ၁၁ (၄) တခုခုအရသော်၎င်း၊ အခြေခံဥပဒေ၏ ပုဒ်မ ၁၁၊ အပိုဒ် (ခ) နှင့် (ဂ) တခုခုအရသော်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်သည့်၊ သို့တည်းမဟုတ် ဖြစ်သည်ဟု မှတ်ယူခြင်းခံရသည့်၊ သို့တည်းမဟုတ် ဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရသည့်သူအား၊ နိုင်ငံသားလက်မှတ်ထုတ်ပေးနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့် လက်မှတ်ပေါ်တွင် ပုဒ်မ ၆ (၂) အရ၊ ထုတ်ပေးကြောင်းကို ဖော်ပြရမည်။

အရွယ်မရောက်သေးသော ကလေးများ၌၊ အရွယ်ရောက်ပြီး နောက် တနှစ်အတွင်း၊ ပြည်ထောင်စုနိုင်ငံသားအဖြစ်ကိုသော်၎င်း၊ အခြားနည်း မိမိရရှိသော နိုင်ငံခြားသားအဖြစ်ကိုသော်၎င်း၊ စွန့်လွှတ်ရန်တာဝန်ရှိလျှင်၊ ထိုသို့စွန့်လွှတ်ရမည်ဖြစ်ကြောင်းကို၊ သို့တည်းမဟုတ် စွန့်လွှတ်ပြီးဖြစ်ကြောင်းကို၊ ထိုလက်မှတ်ပေါ်တွင်ရေးသားဖော်ပြရမည်။''

(ခ) ရှိရင်းပုဒ်မခွဲ (၂) ကို၊ ပုဒ်မခွဲ (၃) အဖြစ် ပြန်လည်အမှတ်စဉ်၍၊ ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၃) ၌၊ '' ထိုကဲ့သို့ ထုတ်ပေးသော လက်မှတ်သည်၊ '' ဆိုသည့် စကားရပ်အစား၊ '' ပုဒ်မခွဲ (၁) နှင့် ပုဒ်မခွဲ (၂) တခုခုအရ၊ ထုတ်ပေးသော လက်မှတ်သည်၊ '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အဘိုး—၁၀ ပြား]

၄။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၇၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင် '' မြန်မာစကား၊ ရှမ်းစကား၊ ကရင်စကား၊ ကချင်စကား၊ ချင်းစကား တမျိုးမျိုးကို '' ဆိုသည့် စကားရပ်အစား၊ '' မြန်မာနိုင်ငံ တိုင်းရင်းဘာသာ စကားတမျိုးမျိုးကို '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၄) တွင် '' ပြည်ထောင်စုနိုင်ငံသားအဖြစ်ဖြင့် ဝန်ကြီးက မှတ်ပုံတင်ရမည်။ ''ဆိုသည့် စကားရပ်အစား၊ '' ပြည်ထောင်စုနိုင်ငံသားအဖြစ် အသိအမှတ်ပြုရန်၊ ထိုကလေး၏ အမည်ကို၊ မိခင်အားထုတ်ပေးသောနိုင်ငံသားလက်မှတ်တွင်ထည့်သွင်းရမည်။ ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်များသည်၊ ထိုကလေးနှင့်လက်ဆိုင်စေရမည်။ '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊---အမှတ် ၂၁၈၊ တရားရေးဝန်ကြီးဌာန၊ ၂၄-၄-၅---၂,၂၀၀---၂။